
ဘာသာပြန် စာရေးဆရာ - Min Ko Aung
ဓားသိဒ္ဓိရှင်
(လုံချုပ်)
(Chapter 391 - 405)
စာစဉ် - ၂၇

## Chapter (391)

## မိတ်ဆွေဟောင်းဖြင့် ပြန်လည် ဆုံတွေ့ခြင်း

ကျိုလ္ဂီလောက ပွင့်ခဲ့တာ ယနေ့ဆိုလျှင် လေးလနီးပါးကြာမြင့်ခဲ့ပါပြီ။ထို လေးလအတွင်းမှာ အထက်လမ်းနဲ့ အောက်လမ်းသိုင်းသမားများဟာ မြေပုံမှာ မင်နီဖြင့် မှတ်သားထားတဲ့ နေရာတွေကို သူ့ထက်ငါ အလုအယက်သွားနေခဲ့ကြပါတယ်။

လေးလဆိုတာ အတော်ကြာသွားပြီလို့ဆိုလို့ရသလို သိပ်မကြာသေးဘူးလို့ ပြောလို့လည်းရပါတယ်။

သိုင်းထိပ်သီးအများအပြားက ကျိုလ္ဂီသို့ မဝင်ရောက်မီကတည်းက အသီးသီး ဗျူဟာတွေ၊ရည်မှန်းချက်တွေ ထားရှိလာကြပြီးသားပါ။

လုံချန်ကဲ့သို့ လူအနည်းငယ်သာလျှင် ရည်ရွယ်ချက်မရှိပဲ လှည့်လည်သွားလာကြလျှက်ရှိနေတယ်။အကြောင်းမှာ ကံကြမ္မာကို ဖန်တီးယူလို့မရတဲ့အတွက်ကြောင့် အတင်းအကျပ်လုပ်မယူပါနဲ့လို့ လိုင်ယွမ်ဇီက သူ့ကိုမှာထားတာကြောင့်ပဲဖြစ်ပါတယ်။

အမှန်တော့ လိုင်ယွမ်ဇီလည်းအလွန်ထိထိခိုက်ခိုက် ခံစားခဲ့ရပါတယ်။ အခြား ကျောင်းတော်တွေနဲ့ ယှဉ်ရင် လုံချန်နဲ့သူ့ရဲ့ တပည့်တွေဟာ အသက်ကယ် အစီအမံများ မရှိတာကြောင့် အားနည်းချက်များရှိနေပါတယ်။ အန္တရာယ်တွေနဲ့ ပြွမ်းတီးလျှက်ရှိတဲ့ ဒေသကြီးမှာ မရေမတွက်နိုင်အောင်များပြားတဲ့ အခွင့်အလမ်းတွေက စောင့်ကြိုနေပေမယ့် တစ်ဘက်မှာလည်း ထိုဒေသကြီးမှာ လူပေါင်းများစွာ တိုက်ခိုက်နေကြပါတယ်။

အဲ့ဒီအတွက် လိုင်ယွမ်ဇီက အလွန်တရာ ရှားပါးတဲ့ ရတနာတွေရလာဖို့ သူ့တပည့်တွေအပေါ် အလွန်အမင်း မျှော်လင့်ချက်တွေ မရှိပဲ အသက်ရှင်လျှက် ပြန်ထွက်လာနိုင်ရင်ပဲ တော်ပြီလို့ တွေးထားပါတယ်။ပြီးတော့ လိုင်ယွမ်ဇီရဲ့ စိုးရိမ်မှုတွေဟာ အကြောင်းမဲ့ မဟုတ်ပါဘူး။

ကျိုလွှီကို ဝင်ရောက်ပြီးနောက် သူဟာ အခြား သိုင်းပါရမီရှင်တွေ အပေါ် အထင်သေးထားမိပါလားလို့ လုံချန်စဉ်းစားခဲ့မိတယ်။ဒီလောကမှာ ဟန်ရှင်းယု၊ယိလုံ တို့သာလျှင် ထိပ်သီးသိုင်းပညာရှင်တွေ မဟုတ်ကြပဲ ဟောင်ဝူဖန်းပေါ်ထွက်လာခြင်းက ကျင့်ကြံခြင်းလောကဟာ အလွန်အမင်းကျယ်ပြန့်ပြီး နေရာတကာမှာ ရှက်ပုန်းသီး ထိပ်တန်း သိုင်းသမားတွေ ရှိနေကြောင်း လုံချန် နားလည်ခဲ့ရပါတယ်။

ဟောင်ဝူဖန်းလို ထိပ်သီးတွေ နောက်ထပ်ဘယ်နှစ်ယောက်ရှိနေမယ်ဆိုတာကို ဘယ်သူက သိနိုင်မှာပါလည်း။

ထိပ်သီးသိုင်းသမားတွေတောင်မှ ပြိုင်ဘက်နဲ့ ယှဉ်ပြိုင်ရင်း အန္တာရာယ်တောထဲ ကျရောက်ပြီး ရှုံးနိမ့်သွားနိုင်ခြေ ရှိနေတာပါပဲ။

ဒါပေမယ့် လုံချန်ကတော့ များစွာ စိတ်သက်သာရာ ရနေတယ်။ကျိုလွှီလောက ဟာ မှောင်ရီပျိုးစ ဖြစ်နေတာတောင် သာယာနေတယ်လို့ သူခံစားမိနေပါတယ်။တိမ်သား၊တိမ်စိုင် တို့ တစ်မျှင်၊တစ်စမှ မရှိတဲ့ ကောင်းကင်ကြီးဟာ ကြည်လင်လို့ပါလေ။

နောက်ဆုံးတော့ သောကြာကြယ်ကို သူ အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါပြီ။သောကြာကြယ်ဟာ ဖွဲ့စည်းစ အဆင့်ဖြစ်ပြီးကြယ်ကိုးပွင့် အသွင်းပြောင်းမှုများကို မပြီးမြောက်နိုင်သေးပေမယ့် သူ့ရဲ့ ခန္ဓာကိုယ်မှာ ပြောင်းလည်းမှုတစ်စုံတစ်ရာ ဖြစ်နေတာကို လုံချန် ခံစားနေရပါတယ်။

လုံချန်ဟာ ယုံကြည်မှုတွေနဲ့ ပြည့်နှက်နေတယ်။အခုသူက ဘယ်ပြိုင်ဘက်

ကိုမှု မကြောက်တော့ ပါဘူး။

ဒါပေမယ့် သူ နည်းနည်း နောင်တရမိတဲ့ တစ်ခုတည်းသော အရာက မည်သည့်အတွက် ကြောင့်မှန်းမသိ ကျီလွီဟာ သူ့ကို ညှို့ယူ ခေါ်ငင်နေတဲ့လို့ ခံစားနေရတဲ့ အကြောင်းအရင်းကို မသိတဲ့အတွက်ကြောင့်ပါပဲ။ သောကြာကြယ်ဖွဲ့စည်းပြီးနောက် မှာ ထို ခံစားချက်ဟာ ပို ဆိုးလာခဲ့ပါတယ်။ဒါပေမယ့် ဘယ်အရပ်က နေ ညှို့ယူနေတဲ့ ဆိုတာကိုစကတည်းက လုံချန် မဆုံးဖြတ်နိုင်တဲ့အတွက် ရှာလို့လည်းမရခဲ့ပါဘူး။

ကျီလွီလောက ကို မဝင်ခင်ကတည်းက ထိုကဲ့သို့ တစ်စုံတစ်ရာ က အကြိမ်ပေါင်းများစွာ ညှို့ခေါ်တဲ့ ခံစားချက်ကိုခံစားနေခဲ့ရတာပါ။အစမှာ တော့ ထိုသို့ ညှို့ယူ နေတဲ့အရာက ကြယ်ကိုးလုံးသိုင်းပညာနဲ့ ပတ်သတ်တယ်လို့ သူ ထင်ခဲ့တဲ့အတွက်ကြောင့် ဒါဟာ ကွီလင်သီးပဲဖြစ်ရမယ်လို့ တွေးခဲ့ပါတယ်။

ဘာ့ကြောင့်လည်းဆိုတော့ ကွီလင်သီးမပါဘဲ သောကြာကြယ်ကို ဖွဲ့စည်းဖို့ နည်းလမ်းမရှိလို့ပါပဲ။အခု သူ ကွီလင်သီးကို ရပြီးနောက်မှာတောင် တစ်စုံတစ်ရာက သူ့ကို ညှို့ယူနေတုန်းပဲဖြစ်ပါတယ်။သူသာ ယိလုံနဲ့ မတွေ့ရင် ကွီလင်သီးကို ရမှာမဟုတ်တဲ့အတွက် ဒီလို ညှို့ခေါ်နေတဲ့ ခံစားချက်က သူနဲ့ ပတ်သတ်လိမ့်မှာ မဟုတ်ပါဘူး။

ဒါနဲ့ ပတ်သတ်ပြီး သူလည်း ဘာမှ မတတ်နိုင်တဲ့အတွက် ရှေ့ကိုသာ ခရီးဆက်လာခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ထိုတစ်စုံတစ်ရာက မြင်စေလိုတဲ့ ဆန္ဒရှိရင် ကိုယ်ထင်ပြပါလိမ့်မယ်။ဒီလိုမှ မဟုတ်ရင်လည်း သူ ထိုသို့ ခံစားနေရမှာ မဟုတ်ပါဘူး။

ဒါဟာ ကံတရားနဲ့ သက်ဆိုင်ပုံရပါတယ်။အချိန်မရောက်သေးတာလည်း ဖြစ်နိုင်တာပါပဲ။

လုံချန် ရှေ့ကို တစ်လှမ်းပြီးတစ်လှမ်းလျှောက်နေတယ်။နောက်ထပ်ရှစ်လ ကြာရင် ကျိုလ္လီလောက ပိတ်တော့မှာဖြစ်လို့ အချိန်က များများစားစားမရှိ တော့ပါဘူး။

အခွင့်အလမ်းအသစ်တွေကိုတော့ သူ ရနိုင်သမျှ ရှာဖွေရဦးမှာပါ။သူ့ရဲ့ ပစ်မှတ်အသစ်က မြေပုံပေါ်မှာ အမှတ်အသားပြုထားတဲ့ သွေးရောင် လူဦးခေါင်းခွံသင်္ကေတ အမှတ်အသား ရှိရာကိုပါ။ထိုနေရာကို မိစ္ဆာတွင်းလို့ သို့မဟုတ် မိစ္ဆာချောက်လို့ခေါ်ပါတယ်။

ထိုချောက်နက်ကြီးဟာ ဘယ်လောက်ထိနက်တယ်ဆိုတာကို ဘယ်သူမှ မသိပေမယ့် ကြည့်လိုက်တာနဲ့ အလွန်ခြောက်ခြားစရာ ကောင်းတာမို့လို့ လူတိုင်း ကြက်သီးမွေးညှင်း ထရတဲ့ နေရာတစ်ခုပါ။ထိုနေရာကို ရောက်လိုက်တာနဲ့ လူတစ်ယောက်ရဲ့စိတ်ဟာ သိမ်ငယ်သွားလေ့ရှိပါတယ်။

ချောက်နက်ကြီးရဲ့ ပဟေဠိကိုအဖြေညှိကြတဲ့ သိုင်းထိပ်သီးအများအပြားရှိခဲ့ဖူးပါတယ်။ရလာဒ်အနေနဲ့ ထိုနေရာကနေဖနောင့်နဲ့ တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးကြရတာပါပဲ။သိုင်းထိပ်သီး တစ်ယောက် ပြောတာကတော့သွဲ့ကျောင်းအဆင့်ကို ရောက်ပြီးနောက် သူဟာ ချောက်နက်ကြီးထဲကို ဆင်းခဲ့ရာမှာ မီတာသုံးရာခန့် ရောက်တယ်ဆိုရင်ပဲ အလွန်ပြင်းထန်လှတဲ့ ဖိအား တစ်ခုကြောင့် သူ့ခန္ဓာကိုယ်က ပေါက်ကွဲထွက်မတတ်ဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။

မီတာသုံးရာဆိုတာက ဘာမှမဟုတ်ပါဘူး။အောက်ခြေကို ရောက်ဖို့ တစ်ကယ့်ကို အဝေးကြီးလိုပါသေးတယ်။

ထိုအချိန်မှစပြီး ထို ချောက်နက်ကြီးထဲကို ဘယ်သူမှ ဆင်းဖို့ မလုပ်ကြတော့ပါဘူး။ထို့ကြောင့် ထိုနေရာကြီးကို ပြန်လမ်းမဲ့ ချောက်ကြီးလို့ ခေါ်တာပါ။

နှစ်ပေါင်းများစွာ မရေတွက်နိုင်အောင် ကြာခဲ့ပြီဖြစ်ပေမယ့် ထိုချောက်နက်ကြီးကနေ အကျိုးအမြတ်ရသူဆိုလို့ဘယ်သူမှ မရှိပဲ အသက်ပေါင်းများစွာပဲ ချောက်နက်ကြီးထဲမှာ သေကြေ ပျက်ဆီးခဲ့ရပါတယ်။ပြီးတော့ ထိုကဲ့သို့ အသက်ဆုံးရှုံးသွားသူတွေဟာလည်း ထိပ်သီးတွေထဲကမှ ထိပ်သီးတွေလို့ ပြောရမယ့် သူတွေဖြစ်ပြီးတော့ ချောက်နက်ကြီးရဲ့ လျှို့ဝှက်ချက်ကို စုံစမ်း ဝံ့ကြသူတွေပါ။

လုံချုန် ချောက်နက်ကြီးကို လာခဲ့ရတဲ့ အချက်နှစ်ချက်ရှိပါတယ်။ပထမအချက်က စပ်စုလိုစိတ်ကြောင့် ဖြစ်ပြီးယခင်က ထို ထိပ်သီးသိုင်းသမားတွေလို သူ့ရဲ့ ခွန်အားအပေါ် အလွန်တရာ ကိုးစားမှု ရှိနေပါတယ်။အခြားအချက်တစ်ချက်ကတော့ ကျိုလွှီလောကပွင့်တာ လေးလ ကြာမြင့်ခဲ့ပြီ ဖြစ်တာကြောင့် မြေပုံပေါ်မှာ အနီရောင် မှတ်ထားတဲ့ နေရာအများအပြားကို လူတွေ ရောက်ရှိခဲ့ပြီးကြပါပြီ။

ထိုသူတွေဟာ ထိုနေရာတွေကနေ အခွင့်အလမ်းပေါင်းများစွာကိုလည်း ရရှိခဲ့ပြီးဖြစ်မှာပါ။အကယ်၍ အခွင့်လမ်းကောင်းကောင်းတွေကို သူ လိုချင်ရင် မြေပုံပေါ်မှာ အနီရောင် နဲ့ မှတ်မထားတဲ့နေရာတွေကို သွားရပါလိမ့်မယ်။

ဒါပေမယ့် ကျိုလွှီဟာ နယ်နိမိတ် အကန့်အသတ်မဲ့ ကျယ်ပြောတဲ့ ဒေသကြီးတစ်ခုဖြစ်တာကြောင့် မြေပုံပေါ်ကအမှတ်တွေ အတိုင်းမလိုက်ရင် လမ်းပျောက်သွားဖို့ အလွန် လွယ်ကူပါတယ်။

ထို့ပြင် လူ တစ်ယောက် က ကျိုလွှီလောက ပိတ်တဲ့အချိန်မှာ သတ်မှတ်ထားတဲ့နေရာကို အချိန်မီပြန်ရောက်ဖို့လည်းလိုအပ်ပါတယ်။အချိန်အတော်ကြာအောင် စဉ်းစားဆင်ခြင် ခဲ့ပြီးမှသာ ချောက်နက်ကြီးဆီ လာဖို့ လုံချုန် ဆုံးဖြတ်ခဲ့တာပါ။ပြီးတော့ ချောက်နက်ကြီးထဲ ဆင်းဖို့ သူ့မှာ ရည်ရွယ်ချက်

သိပ်မရှိပါဘူး။နာမည်ဆိုးနဲ့ ကျော်ကြြားတဲ့ ချောက်နက်ကြီးကို လာကြည့်ရုံပါ။

ဒီချောက်နက်ကြီးဟာ ဆိုခဲ့သလို အလွန်အန္တာရာယ်များတယ်ဆိုရင် အထဲကို ဆင်းဖို့ သူ လုပ်မှာ မဟုတ်ပါဘူး။

ရှေ့ကိုဆက်လျှောက်လာရင်းနဲ့ ဖုန်း ကနဲ အသံတစ်သံကို လုံချန်ကြားလိုက်ပါတယ်။လေးပြင်းတစ်ချက် ဝုန်းကနဲတိုက်ခတ်သွားတာာကို သူ ခံစားလိုက်ရတယ်။ရှေ့မှာ လူတစ်စု တိုက်ခိုက်နေတာပါ။

တိုက်ပွဲတစ်ခုနဲ့ ပက်ပင်းတိုးလို့ သူ နည်းနည်းအံ့အားသင့်ရပေမယ့် ကျီလွှီလောကမှာတော့ နေရာအနှံ့တိုက်ကိပွဲတွေဖြစ်နေတာပါပဲ။တစ်ရက်တစ်ရက်ဘယ်လောက်တောာင် သေတယ်ဆိုတာကို ဘယ်သူမှ မသိနိုင်ပါဘူး။ကျီလွှီဟာအန္တာရာယ်များတဲ့ ဒေသကြီးတစ်ခုဖြစ်တာ မှန်ပါတယ်။ဒါပေမယ့် အန္တာရာယ်အများဆုံးကတော့ လူသားတွေပါပဲ။

ကျီလွှီမှာ အချင်းချင်းတိုက်ခိုက်ကြရင်းနဲ့ သေကြတဲ့ အရေအတွက်ဟာ ကျီလွှီရဲ့ အန္တာရာယ်တွေနဲ့တွေ့ပြီး သေတဲ့အရေအတွက်ထက် 90 ရာခိုင်နှုန်းပိုတယ်ဆိုတာက ရက်စက်တဲ့အမှန်တရားတစ်ခုပါပဲ။ဒါပေမယ့် လုံချန်ကတော့ရှေ့က တိုက်ပွဲကို အ လွန်သိချင်နေတာကြောင့် ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလိုက်ပါတယ်။ဒါက လူသားတွေရဲ့ဗီဇပါပဲ။

သူက ဝင်ရောက်စွက်ဖက်တာမျိုးမလုပ်ဘူးဆိုရင်တောင် ဘာတွေဖြစ်နေတယ်ဆိုကို ကြည့်ရရင် အဆင်ပြေပါတယ်။

မိုင်ပေါင်းများစွာကို လျှပ်ပြက်သလို အမြန်နှုန်းနဲ့ လုံချန် ဖြတ်ကျော်လာခဲ့တယ်။မလှမ်းမကမ်းမှာ လူလေးယောက်တိုက်ခိုက်နေတာကိုတွေ့ရပါတယ်။လူလေးယောက်အနက် တစ်ယောက်က အမျိုးသမီးတစ်ဦးဖြစ်ပြီး သုံးယောက်တစ်ယောက်တိုက်ခိုက်နေတာကိုမြင်တော့ သူ နည်းနည်း

အံ့အားသင့်မိပါသေးတယ်။

ထိုလေးယောက်လုံးက ချုံအန်းတွေဖြစ်ကြပြီး လူသုံးယောက်ရဲ့ တိုက်ခိုက်မှုကြောင့် အမျိုးသမီးက နောက်ကို တစ်ဆုတ်တည်း ဆုတ်နေရပါတယ်။ အမျိုးသမီးရဲ့ ဝတ်ရုံဟာ သွေးတွေနဲ့ အလိမ်းလိမ်းဖြစ်နေတယ်။ဒါပေမယ့် အံကိုတင်းတင်းကြိတ်ရင်းတိုက်ခိုက်နေဆဲပါပဲ။

"သုံးယောက်တစ်ယောက်လား.. ပျင်းစရာ ကောင်းလိုက်တာ"

လုံချန် ခေါင်းတစ်ချက် ယမ်းလိုက်တယ်။ဒီလိုမြင်ကွင်းမျိုးက ကျီလွီလောကထဲမှာ သူ့အတွက် မထူးဆန်းတော့ပါဘူး။

လုံချန်ဟာ သူ့ကိုယ်သူ ဘယ်တုန်းကမှ သူရဲကောင်းကြီးတစ်ယောက်လို့ မသတ်မှတ်ခဲ့ဘူး။ဒါနဲ့ပဲ ထို တိုက်ပွဲကိုဆက်ကြည့်နေလိုက်ပါတယ်။

ကျီလွီလောကမှာ ကိုယ်ကကျူး ကိုယ့်ဒူးကိုယ်တောင်မယုံရပါဘူး။ဒီအချက်ကို အခြားသော ရွှမ်ရှင်းကျောင်းတော်ရဲ့ တပည့်တွေက သူ့ကို ကျီလွီကောကကို မဝင်ရောက်မီကပဲ ကောင်းကောင်းသင်ကြားပေးခဲ့ပြီးပါပြီ။လုံချန်မှာစည်းမျဉ်းတစ်ခုသာ ရှိပါတယ်။သူ့ကိုမထိသရွေ့ သူကလည်း တခြားသူတွေကို ပြဿနာမရှာဘူးလို့ဖြစ်ပါတယ်။

ဒါပေမယ့် သူ မထင်မှတ်ထားတာက ထို အမျိုးသမီးဟာ တိုက်ခိုက်ရင်း သူရှိတဲ့ဘက်ကို ပြေးလာတာပါ။

"မမြင်ချင်ယောင် ဆောင်နေမှပဲ"

လုံချန် စိတ်ထဲက သူ့ကိုယ်သူ ကြိတ်သတိပေးလိုက်တယ်။မိန်းမတွေဟာ ပတ်သတ်မိရင် ပြဿနာသာ တက်တတ်တာကြောင့် တတ်နိုင်သမျှ ရှောင်သင့်ပါတယ်။ထိုအမျိုးသမီးရဲ့ အော်ရာက လျှင်မြန်စွာ ကျဆင်းနေတယ်။ နောက်ကလိုက်လာသူတွေထဲက တစ်ယောက်ရဲ့ လက်ချက်နဲ့ သူမ ဖုန်းကနဲ

လွင့်ထွက်သွားပါတယ်။

"သေပေတော့"

ထိုသို့လွင့်ထွက်သွားခြင်းက ဟာကွက်တစ်ကွက်ဖြစ်သွားပြီး နောက်က လိုက်လာသူတွေအနက်က တစ်ယောက်ကအချိန်မဆိုင်းပဲ သူမရဲ့ ရင်ညွန့်ကို ဓားနဲ့ ထိုးလိုက်ပါတယ်။ဓားဟာ ဘယ်လိုမှ ရှောင်လို့မရတဲ့ အနေ အထားကနေဝင်လာတာပါ။ဘယ်လိုမှ ရှောင်ဖို့မဖြစ်နိုင်မှန်းသိတဲ့ အချိန်မှာ အမျိုးသမီးရဲ့ မျက်ဝန်းဟာ ကြောက်ရွံ့မှုတွေနက်ပြည့်နှက်လာတယ်။

ဒါပေမယ့် ထန် ကနဲ ခပ်သာသာ အသံနက်အတူ တစ်စုံတစ်ယောက်က ထိုလူရဲ့ ဓားကို လက်တစ်ဘက်က ဖမ်းဆုပ်လိုက်တယ်။ဝတ်ရုံပြာ ဝတ်ဆင် ထားသူတစ်ယောက် သူမ ရှေ့ကို ဘွားကနဲ ရောက်လာပါတယ်။

"ကောင်လေး မင်းကိစ္စမဟုတ်ရင် ဝင်မပါနဲ့ .. သေချင်နေပြီထင်တယ်"

လုံချန်ကို မြင်တော့ သူတို့သုံးယောက် လန့်သွားကြတယ်။အထူးသဖြင့် ဓားကို လက်ဗလာနဲ့ ဖမ်းကိုင်ထားလိုက်တာကသူတို့အတွက် အတော်လန့် သွားစေတာပါ။ဒါပေမယ့် လုံချန်ရဲ့ ကျင့်ကြံ အစောပိုင်း သိုင်းပညာကို အာရုံခံမိတော့ သူတို့ သုံးဦး စိတ်ချလက်ချ ပြန်ဖြစ်သွားတယ်။

သေစမ်း.. ငါမသိချင်ယောင် ဆောင်နေမယ်လို့ လုပ်ထားကာမှ ဘာလို့ ဝင် ပါမိပါလိမ့်။လုံချန် သူ့ကိုယ်သူ ဒေါသထွက်ထွက်နဲ့ စိတ်ထဲက ရေရွတ်နေမိ ပါတယ်။သူ ဒီပွဲကို ကြားမဝင်ချင်ပါဘူး။ဒါပေမယ့် ထို အမျိုးသမီး သေသွား မှာကိုလည်း ဒီအတိုင်း ကြည့်မနေရက်ဘူးဖြစ်နေတယ်။

"အကိုတို့ သုံးဦးကို ကြည့်ရတာ မြင့်မြတ်တဲ့သူတော်ကောင်းကြီးတွေပါ မိန်းမပျိုတစ်ဦးကိုဘာ့ကြောင့်သတ်ချင်ရတာလည်း.. ဒီကိစ္စကို ဒီက ဂျူနီ ယာ ညီလေးက ပဲ ကိုင်တွယ် လိုက်ရင်မကောင်းဘူးလား"

လုံချန်က ကြားဝင်ဖြန်ဖြေ သည့် ဟန်နဲ့ ပြောတယ်။ဒါပေမယ့် လူသုံးယောက်က ဒေါသထောင်းကနဲ ထွက်သွားကြပါတယ်။မြင့်မြတ်တဲ့ သူတော်ကောင်းကြီးတွေဆိုတဲ့စကားက သူတို့ကို ချီးကျူးတာလား လှောင်တာလား မသိတဲ့အဓိပ္ပါယ် နှစ်ခွထွက်တဲ့ စကားဖြစ်နေတယ်။

လုံချန်ရဲ့ဖမ်းဆုပ်ခြင်းကို ခံထားရတဲ့ ဓားပိုင်ရှင်က ဆဲရေးလိုက်ပါတယ်။

"ခွေးကောင်လေး သေပေတော့"

လုံချန် လက်ထဲက ဓားကို အားကုန်သုံးပြီး သူပြန်ဆွဲထုတ်တယ်။ဒါပေမယ့် ဓားဟာ လုံချန်ရဲ့ လက်ထဲမှာ ကော်နဲ့ကပ်ထားသလို ဖြစ်နေပြီး တုပ်တုပ်တောင် မလှုပ်ပါဘူး။

"ဘယ့်နှယ့် လူတစ်ယောက်ကို ဆဲဆိုနေရတာလည်း"

လုံချန်ရဲ့မျက်နှာမှာ မနှစ်မြို့တဲ့ အမူအယာ အချို့ပေါ်လာတယ်။

ထိုသူအားကုန်သုံးပြီးဆွဲလိုက်တဲ့ အချိန်မှာ လုံချန်က ဓားကို ရုတ်တရက် လွှတ်ပေးလိုက်တာကြောင့် ဓားရိုးဟာ ထိုသူရဲ့ ဝမ်းဗိုက်ကို အလွန်ပြင်းတဲ့ အရှိန်နဲ့ ဆောင့်မိပြီး ထိုသူ ဝေါကနဲ သွေးအန်သွားသလို နောက်ကိုလည်း လွင့်ထွက်သွားတယ်။

"အားး"

လုံချန် လက်တစ်ဘက် ဝှေ့ယမ်းလိုက်တာနဲ့ လေးပြင်းတစ်ခု ဝုန်းကနဲ ထိုလူသုံးယောက်ထံကို တိုက်ခတ်သွားတယ်။

ထိုလေပြင်းရဲ့ ရိုက်ခတ်မှုကြောင့် သူတို့ သုံးဦး သွေးတွေ တစ်ဝေါ့ဝေါ့ ထိုးအန်လိုက်ကြပါတယ်။

"မင်း..."

သူတို့သုံးယောက် အလွန်အံ့အားသင့်သွားကြတယ်။သိုင်းပညာမှာ ကျင်

ကျီအဆင့်သာ ရှိသေးတဲ့ ထိုကောင်လေးဟာ အလွန်ကြောက်စရာ ကောင်း လိမ့်မယ် လို့ သူတို့တွက် မထားမိကြပါဘူး။အမျိုးသမီးကတော့ ထိုအချိန်မှ ပဲ အသက် ရှူနိုင်တော့တယ်။ထိုအမျိုးသမီးက ကျေးဇူးတင်ကြောင်း ပြော တော့မယ့်အချိန်မှာ သူမအမူအယာက ထူးထူးဆန်းဆန်းဖြစ်သွားတယ်။

"လုံချန်"

လုံချန်လည်း အနည်းငယ် အံ့အားသင့်ဟန်နဲ့ ထိုအမျိုးသမီးကို အနီးကပ် ကြည့်လိုက်တယ်။လူတစ်ယောက်နဲ့ တူနေသလိုပဲ။နောက်မှ ရုတ်တရက် သူ မှတ်မိသွားတယ်။

"ပိုင်လင်"

ထိုအမျိုးသမီးဟာ ဖီးနစ်မြို့က ဟွာယွန်စံအိမ်တော်ရဲ့ လေလံမှူးဖြစ်သူ ပိုင် လင်ပဲဖြစ်ပါတယ်။ထိုလူသုံးယောက်ကတော့လုံချန်ဆိုတဲ့ နာမည်ကို ကြား တာနဲ့ ဖနောင့်နဲ့ တင်ပါးတစ်သားတည်းကျအောင် ထွက်ပြေးတော့တယ်။

"လုံချန် မြန်မြန်လုပ် ဒီလူတွေကို သတ်လိုက် ဒီကောင်တွေကို လွှတ်ပေး လို့မဖြစ်ဘူး"

ပိုင်လင် ထိတ်လန့်တကြားနဲ့ ပြောလိုက်ပါတယ်။

***